# အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဇွန် ၉**

နှစ် (၇၀)ပြည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (ICA) ကို ၁၉၄၈ ခုနှစ် ဇွန် ၉ ရက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကမ္ဘာ့မော်ကွန်းဆိုင်ရာ အမွေအနှစ်များကို ရေရှည်တည်တံ့စေရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မော်ကွန်း၊ မှတ်တမ်းပညာရှင် ကိုယ်စားလှယ်များမှ တစ်ဆင့် ထိန်းသိမ်းနိုင်မှု၊ ဂရုစိုက်နိုင်မှုနှင့် အသုံးပြုနိုင်မှုတို့ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို ၁၉၇၂ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး ပထမဆုံးအကြိမ် ကျင်းပသည့် အခမ်းအနားဖြစ်ပါကြောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် International Council On Archives(ICA) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သလို Southeast Asia Regional Branch of International Council On Archives (SARBICA) ၏ ဒေသဆိုင်ရာအဖွဲ့ဝင်လည်း ဖြစ်ပါကြောင်း။

ဦးစီးဌာနအနေဖြင့် မော်ကွန်းမှတ်တမ်းများကို ရယူစုဆောင်းခြင်း၊ ရေရှည်သိမ်းဆည်းနိုင်ရန် နည်းပညာအမျိုးမျိုးဖြင့် Preservation လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၊ အများပြည်သူများနှင့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော အထောက်အထားများရရှိနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကို တည်ဆဲ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပါကြောင်း။

နှစ်(၇၀)ပြည့်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံ မော်ကွန်းတိုက်တွင် အများပြည်သူများကို ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခဲ့သည့်အတွက် ICA ၏ ရည်ရွယ်ချက်ဖြစ်သည့် မော်ကွန်းတိုက်၏ အခန်းကဏ္ဍနှင့် မော်ကွန်းပညာရပ်ဆိုင်ရာ လုပ်ငန်းများကို သိရှိစေပြီး နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှု မှတ်တမ်းအမွေအနှစ်များ ဆုံးရှုံးမှု မဖြစ်စေရန်နှင့် ထာဝစဉ်တည်တံ့မှု ရှိစေရန် အစိုးရဌာနများနှင့် လုပ်ငန်းဆက်စပ်ဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ခင်ခင်ထွန်း၊ တက္ကသိုလ်များ စာကြည့်တိုက် စာကြည့်တိုက်မှူး(ငြိမ်း) ဒေါ်တင်ဘုန်းနွယ်၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာသမိုင်းကော်မရှင် အဖွဲ့ဝင် ဦးမြဟန်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လတ်လတ်စိုးတို့က မော်ကွန်းမှတ်တမ်း ပညာရပ်ဆိုင်ရာ စာတမ်းလေးစောင်ကို ဖတ်ကြားကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စာတမ်းဖတ်ကြားမည့်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန (နေပြည်တော်)နှင့် ရန်ကုန် (ရုံးခွဲ)တို့တွင် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ပြခန်းများ ဆက်လက်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**